FORB Learning Platform

# ဇာတ်ညွှန်း : လွတ်လပ်စွာကိုးကွယ်ခြင်း (သို့) သက်ဝင်ယုံကြည်မှုအကြောင်း မိတ်ဆက်ခြင်း

ဒါကတော့ လူ့အခွင့်အရေးနှင့် ပတ်သက်တဲ့ အချက်(၈) ချက်ထဲက ပထမဆုံးတစ်ခု ဖြစ်ပါတယ်။ အဓိကကတော့ လွတ်လပ်စွာ တွေးခေါ်ခွင့်၊ အမှားအမှန် ဝေဖန်ပိုင်းခြားခွင့်၊ ကိုးကွယ်ခွင့် (သို့) သက်ဝင်ယုံကြည်ခွင့် နှင့် ဘယ်လိုကန့်သတ်ချက်တွေ ဘယ်အချိန်မှာရှိနေလဲဆိုတာ အဖြေရှာသွားဖို့ ဖြစ်ပါတယ်။ ဒီအကျဉ်းချုပ်မိတ်ဆက်ချက်မှာတော့ လူ့အခွင့်အရေးဟာ ဘယ်သူတွေ၊ ဒါမှမဟုတ် ဘာတွေကို အကာအကွယ်ပေးထားလဲ၊ လွတ်လပ်စွာ ကိုးကွယ်ခွင့် (သို့) သက်ဝင်ယုံကြည်ခွင့်က ကျွန်တော်တို့ကို ဘာတွေပေးအပ်ထားလဲဆိုတာနဲ့ အစပြုသွားမှာ ဖြစ်ပါတယ်။

အရင်ဆုံး မေးခွန်းတစ်ခု မေးပါရစေ။ လွတ်လပ်စွာ ကိုးကွယ်ခြင်း (သို့) သက်ဝင်ယုံကြည်ခြင်းက ဘယ်ဘာသာတွေကို အကာအကွယ်ပေးထားပါသလဲ။ အဲဒီဘာသာက ကမ္ဘာပေါ်မှာ လူအများစု ကိုးကွယ်ကြတဲ့ ဘာသာ ဖြစ်မယ်လို့ သင်ထင်ပါသလား။
ဒါမှမဟုတ် လူနည်းစု နှင့် သမရိုးကျမဟုတ်ဘဲကိုးကွယ်တဲ့ ဘာသာရေးတို့ ပါဝင်တဲ့ ဘာသာတရား အားလုံးဖြစ်မယ် ထင်လား။
ဒါမှမဟုတ် ကိုးကွယ်မှု နှင့် သက်ဝင်ယုံကြည်မှုအားလုံး ဖြစ်မယ်ထင်သလား။

အမှန်တော့ ဒါဟာ သွေးတိုးစမ်းတဲ့မေးခွန်း ဖြစ်ပါတယ်။ ဘယ်ဘာသာတွေကို အကာအကွယ်ပေးထားလဲလို့ ကျွန်ုပ်မေးလိုက်တယ်နော်။ လွတ်လပ်စွာ ကိုးကွယ်ခွင့် (သို့) သက်ဝင်ယုံကြည်ခွင့်တွေက ဘာသာတရားများနဲ့ သက်ဝင်ယုံကြည်ချက်များကို အကာအကွယ်ပေးထားတယ်လို့ များသောအားဖြင့် မှတ်ယူထားကြတယ်။ တကယ်တော့ မဟုတ်ပါဘူး။ လွတ်လပ်စွာ ကိုးကွယ်ခွင့် (ဒါမှမဟုတ်) သက်ဝင်ယုံကြည်ခွင့်တွေက အခြားလူ့အခွင့်အရေးတွေလိုပဲ လူတွေကို အကာအကွယ်ပေးထားပါတယ်။ ဘာသာတရားများနှင့် သက်ဝင်ယုံကြည်ချက်တွေကို အကာအကွယ်ပေးတာ မဟုတ်ပါဘူး။

လွတ်လပ်စွာကိုးကွယ်ခွင့် (သို့) သက်ဝင်ယုံကြည်ခွင့်ဟာ ရှေးဟောင်းဘာသာတရားများ၊ ဘာသာအသစ်များ၊ နိုင်ငံတစ်နိုင်ငံမှာရှိတဲ့ မိရိုးဖလာဘာသာများနှင့် မိရိုးဖလာမဟုတ်တဲ့ဘာသာတွေအပေါ် ရပ်တည်၊ ယုံကြည်၊ ကိုးကွယ်တဲ့ သူတွေကို အကာအကွယ်ပေးထားခြင်းဖြစ်ပါတယ်။ အဲဒီအပြင် ဘာသာတရားတွေကို အခြေခံကျကျ မေးခွန်းတွေထုတ်ပြီး၊ ဘာသာတရားတွေအပေါ် အခြေမခံတဲ့ သဘောတရားတွေကို လက်ခံကြတဲ့ ဘာသာမဲ့တွေ၊ ဇီဝယုတ္တိ လက်ခံသူတွေ၊ အကြမ်းမဖက်မှုဝါဒကိုင်စွဲသူတွေကိုလည်း အကာအကွယ်ပေးထားပါတယ်။ ဘယ်နိုင်ငံမှာ နေထိုင်တဲ့သူဖြစ်စေ အကာအကွယ်ပေးထားပါတယ်။

လွတ်လပ်စွာကိုးကွယ်ခွင့် (သို့) သက်ဝင်ယုံကြည်ခွင့်ဟာ ဘာသာရေးနှင့်ယုံကြည်သက်ဝင်မှုတွေကို အရေးမစိုက်တဲ့ သူအားလုံး အပေါ်လည်း အကာအကွယ်ပေးပါတယ်။

နောက်တနည်းနဲ့ပြောရရင် လွတ်လပ်စွာကိုးကွယ်ခွင့် (သို့) သက်ဝင်ယုံကြည်ခွင့်ဟာ လူတိုင်းကို အကာအကွယ်ပေးထားတာဖြစ်ပါတယ်။ ဒါဆို ကျွန်တော်တို့မှာ ဘယ်လိုအကာအကွယ်တွေ၊ အခွင့်အရေးတွေ ရှိနေပါသလဲ။ ဒါကိုသိရှိဖို့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းနဲ့ သဘောတူစာချုပ်တွေကို လေ့လာဖို့လိုအပ်ပါတယ်။ အရေးအကြီးဆုံး အပိုင်း (၂) ပိုင်းကတော့ -

ကမ္ဘာ့ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းပါ အပိုဒ် (၁၈) နှင့်
ကမ္ဘာ့ကုလသမဂ္ဂ နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ သဘောတူစာချုပ် ပါ အပိုဒ် (၁၈) တို့ဖြစ်ပါတယ်။
ကုလသမဂ္ဂထုတ်ပြန်ကြေညာချက်များဟာ နိုင်ငံရေးရာရည်ညွှန်းချက်များကိုဖော်ပြပြီး၊ ကုလသမဂ္ဂရဲ့
သဘောတူစာချုပ် နှင့် သဘောတူညီချက်တွေဟာ တရားဥပဒေစည်းနှောင်မှုရှိပါတယ်။ ဒါဆို
နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ပါ ပြဌာန်းချက်တွေကို လေ့ကြည့်ရအောင်။

***အပိုဒ်(၁၈)***

၁။ လူသားတိုင်းတွင် လွတ်လပ်စွာ တွေးခေါ်ခွင့်၊ အများအမှန်ဂေဖန်ပိုင်းခြား ခွင့်နှင့် ကိုးကွယ်ခွင့်ရှိသည်။
အဆိုပါအခွင့်အရေးများတွင် မိမိကိုးကွယ်သည့်ဘာသာ (သို့) သက်ဂင်ယုံကြည်မှုကို လွတ်လပ်စွာ ပြောင်းလဲခွင့်အပြင်
တစ်ဦးချင်းဖြစ်စေ၊ အများနှင့်စုပေါင်း၍ဖြစ်စေ၊ မိမိကိုးကွယ်သည့်ဘာသာ (သို့) သက်ဂင်ယုံကြည်မှုကို
အများပြည်သူရှေ့မှောက်၌ဖြစ်စေ၊ သီးခြားဖြစ်စေ၊ လွတ်လပ်စွာသင်ပြခွင့်၊ ကျင့်သုံးခွင့်၊ ဂတ်ပြုကိုးကွယ်ခွင့်နှင့်
ဆောက်တည်ခွင့်တို့လည်းပါဂင်သည်။

၂။ မည်သူ့ကိုမျှ ၎င်းနှစ်သက်ရာဘာသာ (သို့) သက်ဂင်ယုံကြည်မှုအား လွတ်လပ်စွာ ကိုးကွယ်ခံယူခွင့်ကို
ထိခိုက်စေသည့် အတင်းအဓမ္မပြုခြင်း မရှိစေရ။

၃။ အများပြည်သူလုံခြုံရေး၊ ပြည်သူလူထုအတွင်း သဟဇာတရှိရေး၊ လူထုကျန်းမာရေး၊ လူထုစာရိတ္တစံနှုန်းနှင့်
အခြားပုဂ္ဂိုလ်တို့၏ လွတ်လပ်ခွင့်များနှင့် အခြားအခွင့်အရေးများကို တရားဥပဒေပြဌာန်းချက်အရ ကာကွယ်ရန်
အလို့ငှာသာလျှင် တစ်ဦးတစ်ယောက်၏ ဘာသာရေး (သို့) သက်ဂင်ယုံကြည်မှုအား လွတ်လပ်စွာဖော်ပြခွင့်ကို
ကန့်သတ်မှုပြုနိုင်သည်။

၄။ ဤသဘောတူစာချုပ်တွင် အစိုးရများအနေဖြင့် မိဘများ၏ လုပ်ပိုင်ခွင့်များကို လေးစားပေးရန်နှင့် လိုအပ်ပါက
တရားဂင်အုပ်ထိန်းသူများမှ ကလေးများအား ဘာသာရေးနှင့် ပြည်သူ့နီတိကို သွန်သင်ရာတွင် သူတို့၏
ကိုယ်ပိုင်အစဉ်အလာယုံကြည်မှု စံသတ်မှတ်ချက်များအတိုင်း သွန်သင်ခွင့် ရှိသည်ဟု ကတိပြုပါသည်။

ဒါဆို အကာအကွယ်ပေးခံရသူတွေအတွက် လက်တွေ့မှာ ဘယ်လိုအဓိပ္ပါယ်ရှိနေလဲ။ ကျွန်ုပ် တို့မှာ
ဘာအခွင့်အရေးတွေရှိနေလဲ။ နိုင်ငံတကာ ဥပဒေက ကိုးကွယ်မှုနဲ့ သက်ဝင်ယုံကြည်မှုကို အထောက်အကူပြု၊
မီးမောင်းထိုး ဖော်ပြထားတဲ့ ရပိုင်ခွင့် (၇) ခု အကြောင်းကို ကျွန်တော် မိတ်ဆက်ပေးချင်ပါတယ်။

ပထမ နစ်ခုကတော့ လွတ်လပ်စွာကိုးကွယ်ခွင့် (သို့)  သက်ဂင်ယုံကြည်ခွင့်ရဲ့ အဓိကအချက်ဖြစ်ပါတယ်။

- မိမိကိုးကွယ်သည့်ဘာသာ (သို့) သက်ဂင်ယုံကြည်ချက်ကို လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ ရွေးချယ်ခွင့်၊ ပြောင်းလဲခွင့် (သို့) နုတ်ထွက်ခွင့်
- မိမိကိုးကွယ်သည့်ဘာသာ (သို့) သက်ဂင်ယုံကြည်ချက်ကို လွတ်လပ်စွာ သင်ပြခွင့်၊ ကျင့်သုံးခွင့်၊
- အဲဒီအပြင် အတင်းအဓမ္မပြုခြင်းမှ ကာကွယ်ပေးတဲ့ အခွင့်အရေး
- ကိုးကွယ်မှု (သို့) သက်ဝင်ယုံကြည်ခြင်းမှာ ခွဲခြားဆက်ဆံခြင်းက ကာကွယ်ပေးတဲ့အခွင့်အရေး
- ကိုးကွယ်မှု သို့မဟုတ် သက်ဝင်ယုံကြည်မှုနဲ့ပတ်သက်ပြီး မိဘများ (သို့) ကလေးအတွက် အခွင့်အရေးများ
- လွတ်လပ်စွာ ဂေဖန်ပိုင်းခြားပြီး ငြင်းဆိုခွင့်ရှိခြင်း - တို့ဖြစ်ပါတယ်။

လွတ်လပ်စွာကိုးကွယ်ခွင့် (သို့)  သက်ဂင်ယုံကြည်ခွင့်ရဲ့ အခြားအဓိကကျတဲ့ အချက်ကတော့ အဲဒီရပိုင်ခွင့် ပေးထား
တာကို ကန့်သတ်ထားခဲ့ရင်ကော၊ ဒါမှမဟုတ် ဘယ်လိုအချိန်အခါမှာ ကန့်သတ်ထားနိုင်လဲ ဆိုတဲ့ စည်းမျဉ်းတွေ
အကြောင်းဘဲ ဖြစ်ပါတယ်။

ဒီခေါင်းစဉ်တွေနဲ့ ပတ်သက်ပြီး လက်တွေ့ ဘယ်လိုအဓိပ္ပါယ်တွေသက်ရောက်လဲ ဆိုတာကို အသေးစိတ်လေ့လာနိုင်မယ့် ဇာတ်လမ်းတွေကို ဝက်ဘ်ဆိုဒ်မှာ ပိုမိုရှာဖွေကြည့်ရှုနိုင်ပါတယ်။

မူပိုင် - SMC 2018